မိဘများခင်ဗျား

မိဘများနှင့် မိသားစုဝင်များအားလုံး နေကောင်းကျန်းမာကြပြီး စာသင်နှစ်စအတွက် ကျောင်းတက်ရန် စောင့်မျှော်နေကြမည်ဟု မျှော်လင့်မိပါသည်။ ကျွန်တော်များ ပေးပို့ထားသော နောက်ဆုံး အီးမေးလ် တွင် ဖော်ပြထားသည့်အတိုင်း ကျောင်းစာသင်ကာလ စာတင်ရန် အစိုးရ၏ လမ်းညွှန်ချက်၊ ထုတ်ပြန်ထားသော စည်းမျဉ်း/စည်းကမ်းများ နှင့်အညီ စုစည်း ဆောင်ရွက်ထားခြင်းများ ကို လေးစားစွာဖြင့် အသိပေး မျှဝေလို ပါသည်။ သို့ဖြစ်၍ Year 10 မှ Year 13 အထိ အတန်းများကိုမူ ဩဂုတ်လ ၂၄ ရက် ၂၀၂၀ (တနင်္လာနေ့) တွင် စတင်နိုင်မည် ဖြစ်သော်လည်း၊ အခြားသော Secondary အတန်းများ၊ Primary နှင့် Early Years အတန်းများကိုမူ ကျောင်း၌စတင်ရန် စောင့်ဆိုင်းဆဲ ဖြစ်ပြီး အိမ်မှ လေ့လာသင်ယူနိုင်ခြင်းဖြင့် စတင်သင် ကြား ရမည် ဖြစ်ပါသည်။ သို့သော်လည်း မကြာမီအချိန်အတွင်း ထွက်ရှိလာမည့် အစိုးရ အသိပေး လမ်းညွှန် ချက်ကို စောင့်ဆိုင်းနေပြီး Year 1 မှ Year 9 အထိအတန်းများအတွက် ခွင့်ပြုပေးလာမည်ဟု မျှော်လင့်မိပါ သည်။ အစိုးရ၏ခွင့်ပြုချက် ပေါ်မူတည်၍ အဆင့်အလိုက် အရေးကြီးသည့်အချက်အလက် အချို့ကို မိဘများ သိရှိရန် ဖော်ပြပေးပို့သွားမည် ဖြစ်ပါသည်။

COVID 19 နှင့် ပတ်သက်၍ အစိုးရလမ်းညွှန်ချက်များအတိုင်း ပြင်ဆင်ထားသော သင်ကြားမှု အစီအစဉ် (၃) မျိုး

- Early Years အိမ်မှ သင်ယူခြင်းလမ်းညွှန်
- Primary ကျောင်းသားများအတွက် စီစဉ်ပေးထားသည့် ပေါင်းစပ်သင်ယူခြင်း လမ်းညွှန်
- Primary ကျောင်းသားများအတွက် အင်တာနက်မှ လေ့လာသင်ယူခြင်း
- Secondary ကျောင်းသားများအတွက် အင်တာနက်မှ လေ့လာသင်ယူခြင်း လက်စွဲစာအုပ်

ထို့အတွက် သက်ဆိုင်ရာ အုပ်ချုပ်သူ၊ ကြီးကြပ်သူ၊ ဆရာ/ဆရာမများထံမှ သတင်းအချက်များ ထပ်မံ ပေးပို့ လာပါမည်။

## Foundation Stage 2 & 3

တို့အတွက် အစိုးရ၏ညွှန်ကြား/ခွင့်ပြုချက်များ မရရှိသေးပါသောကြောင့် ပြန်လည်ကျောင်းဖွင့်လှစ်ရန် နေ့ ရက်ကို မသိရှိနိုင်သေးပါသဖြင့် မိမိအိမ်မှ လေ့လာသင်ယူခြင်း လမ်းညွှန်ကို ပြင်ဆင်ပြုလုပ်ပြီး အရေးကြီး သော အချက်အချို့မှာ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

- ကျောင်းသားများသည် ပြန်လည် ပြင်ဆင်ထားသော (ပိုမို၍ ဆရာဖြင့် ထိတွေ့စေရန် လည်းကောင်း၊ သင်ကြားရေးနှင့် ကွန်ပျူတာကြည့်ချိန်တို့ကို ညှိနိုင်း၍လည်းကောင်း) တို့ကို ပြင်ဆင်ထားသော အချိန် ဇယား။
- နေ့စဉ် တိုက်ရိုက်ပြသမည့် ဗီဒီယို သင်ခန်းစာနှင့် ကွန်ပျူတာ မလိုအပ်သော လေ့လာ သင်ယူမည့် သင် ခန်းစာများ၊ ၎င်း တို့ကို ပေးပို့လာမည့် EYFS learning guide ၏ အချိန်ဇယားများတွင် ဖော်ပြထား ပါ သည်။

ကျွန်တော်များအနေဖြင့် Early Years မှ ကလေးငယ်များ၏ အင်တာနက်ပေါ်မှ လေ့လာသင်ယူရန် အခက် အခဲများနှင့် မိဘများ၏ အရေးကြီးသော ပံ့ပိုးမှု အခန်းကဏ္ဍ အခြေအနေကို သိရှိနားလည်ပါသည်။

ထို့ကြောင့် ကျောင်း၌ရှိနေသော ဆရာများနှင့် မြန်မာဆရာများအားလုံးတို့မှ ပြီးခဲ့သော Term 4 ထက်ပိုမို၍ စေ့စပ်စွာ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ မိဘများအနေဖြင့် အိမ်မှ လေ့လာသင်ယူခြင်း အစီအစဉ်ကို စိတ်ပူပန်မှုများ ရှိကြသည်မှာ မှန်သော်လည်း၊ ပညာရေးကျွမ်းကျင်သူတစ်ဦးအနေဖြင့် ဤအရွယ်သည် သင်ကြားလေ့လာရေးလမ်းကြောင်း၌ အခြေခံ အုတ်မြစ်အဖြစ် အလွန်အရေးပါသောကြောင့် ဖြစ်မနေတက် ရောက်စေလိုပါသည်။ ကလေးငယ်များအနေဖြင့် ဤ သင်ကြားမှု အခွင့်အရေးလက်လွတ် လိုက်ပါက အတန်းဖော်များ နှင့် တန်းတူ သင်ကြားမှုအတွက် နစ်နာပြီး ကျောင်းပုံမှန် ဖွင့်လှစ်ပါက လေ့လာမှု နောက်ကျကျန် ခဲ့နိုင်ပါသည်။

## Foundation 1

Foundation 1 သို့ တက်ရောက်မည့် ကျောင်းသား/သူများ၏ မိဘများကို လည်း Network International School မှ လိုက်လှဲစွာ ကြိုဆိုပြီး မကြာမီ တွေ့ဆုံဖို့ကိုလည်း မျှော်လင့်ပါသည်။ နိုင်ငံတော်အစိုးရ၏ ကန့်သတ်ချက်များ ဖြေလျော့သည်နှင့်တစ်ပြိုင်နက် Foundation 1 ၏ observation နှင့် အိမ်မှ လေ့လာ သင်ယူခြင်း အစီအစဉ်များကို စတင်ပါမည်။

## ပြည်ပနိုင်ငံသို့ လတ်တလောရောက်ရှိနေသော Early Years ကလေးငယ်များ

Foundation 2 နှင့် 3 မှ ကျောင်းသား/သူများအနေဖြင့် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပမှဖြစ်စေ သင်ရိုးညွှန်းတမ်း တစ်ခုတည်းကိုသာ ရယူနိုင်ကြပါမည်။ ပြည်ပနိုင်ငံသော လတ်တလောရောက်ရှိနေသော ကျောင်းသား/သူ များအား ကျောင်းမှ အချက်အလက်များ၊ resource နှင့် feedback များအားလုံးကို Seesaw မှ တစ်ဆင့် မျှဝေသွားမည်ဖြစ်ပြီး အီးမေးလ်မှတစ်ဆင့် ပံ့ပိုးမှုများအား ထပ်လောင်း ကူညီပေးသွားမည် ဖြစ်ပါသည်။ အိမ်မှ လေ့လာသင်ယူခြင်းအတွက် ပြည်ပရောက် ကျောင်းသား။သူများအား Zoom မှ တိုက်ရိုက်သင်ကြားမှုကို အခြားကလေးငယ်များကဲ့သို့ တက်ရောက်ရန် တိုက်တွန်းချင်သော်လည်း၊ Time Zone မတူညီမှုများကြောင့် အခက်အခဲများရှိသော်လည်း သင်ကြားရေး ဆရာများမှ လူကြီးမင်းတို့ ကလေးများအတွက် သက်ဆိုင်သော အုပ်စုအဖွဲ့များကို ကြိုတင် အကြောင်း ကြားပေးပါမည်။

Early Years လေ့လာသင်ကြားရေးအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို

Head of Early Years, Teacher Gemma gemma.parkinson@networkintlschool.com Deputy Head of Early Years, Teacher Alice alicehand@networkintlschool.com

## Primary

ကျွန်တော်များမှ Primary ကျောင်းသားများကို Monday ၂၄ ဩဂုတ်လ (သို့မဟုတ်) ၃၁ ဩဂုတ်လ (တနင်္လာနေ့) နောက်ဆုံးထား၍ ကျောင်းပြန်လည်တက်ရောက်နိုင်မည်ဟု မျှော်လင့်မိပါသည်။

Social Distancing လိုအပ်ချက်အရ ကျွန်တော်များ၏ သင်ကြားရေး အစီအစဉ်ကို ပူးတွဲပါ အတိုင်း အစီအစဉ် (၁) ကျောင်း၌အချိန်ပြည့် သင်ကြားခြင်း၊ အစီအစဉ် (၂) ကျောင်းနှင့် အိမ် ပူးတွဲသင်ကြားခြင်း တို့ကို ဖော်ဆောင်သွားပါမည်။

ကျောင်းနှင့် အိမ်ပူးတွဲပေါင်းစပ်သင်ကြားရေး အစီအစဉ်အရ UK သင်ရိုးညွှန်းတမ်းပါအတိုင်း အချိန်ဇယား ရေး ဆွဲပြီး အတန်းများအားလုံးအတွက် ပို့ချစီစဉ်ဆောင်ရွက်ထားပါသည်။ ကျောင်းသားများနှင့် မိဘများမှ လည်း ဤအစီအစဉ်များအတွက် ပြင်ဆင်ဆောင်ရွက်ကြစေလိုပါသည်။

အကယ်၍ အစိုးရ၏ တားမြစ်ချက်၊ညွှန်ကြားချက်များရှိပါက မလွှဲမရှောင်သာပဲ အိမ်မှ သင်ယူခြင်းဖြစ်သော အွန်လိုင်းမှ ဗီဒီယိုဖြင့် တိုက်ရိုက်သရုပ်ပြပို့ချခြင်း၊ အင်တာနက်မလိုပဲ လုပ်ဆောင်ရသော ဆောင်ရွက် ချက်များ တို့ဖြင့် ပေါင်းစပ်ပို့ချသွားပါမည်။

စာသင်ချိန် အချိန်ဇယားအသေးစိပ်ကို Primary Home Learning Guide တွင် ဖော်ပြထားပါသည်။ ဆရာများမှ လူကြီးမင်းတို့ ကလေးများအတွက် သက်ဆိုင်သော အုပ်စုအဖွဲ့များကို ကြိုတင် အကြောင်း ကြားပေးပါမည်။

<u>ပြည်ပနိုင်ငံရောက် Primary ကျောင်းသား/သူများ</u>

နိုင်ငံရပ်ခြား၌ ရောက်ရှိနေသော ကျောင်းသား/သူများအနေဖြင့်လည်း တူညီသော သင်ခန်းစာများကို တန်း တူသင်ယူခွင့် ရရှိနိုင်ရန်လည်း ပြင်ဆင်ထားပါသည်။ ကျောင်းသား/သူများအတွက် သင်ထောက်ကူ လမ်းညွှန်ချက်များ နှင့်မှတ်ချက်အသီးသီးကို Seesaw အွန်လိုင်းကွန်ရက်မှ တစ်ဆင့် မျှဝေနိုင် မည်ဖြစ်ပါသည်။ ထို့အပြင် အီးမေးလ်မှလည်း ထပ်ဆင့် မျှဝေပေးမည်ဖြစ်ပါသည်။ အိမ်မှ သင်ကြား ခြင်း အစီအစဉ်တွင် နိုင်ငံရပ်ခြားမှ ကျောင်းသားများအနေဖြင့် အခြားကျောင်းသားများ နှင့်အတူ Zoom သင်ခန်းစာများကို တက်ရောက်စေလိုပါသည်။ သို့သော် အချိန်အပိုင်းအခြားမတူသော အရပ်များမှ ကျောင်းသားများ အတွက် ဆရာများမှ လိုအပ်သော ပံ့ပိုးမှုများကို ညှိနိုင်း လုပ်ဆောင်ပေးသွားမည် ဖြစ်ပါသည်။

COVID 19 အခြေအနေများကြောင့် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိရန် ကြန့်ကြာနေသော ဆရာ/ဆရာမများ၏ အခက်အခဲများကြောင့် Year 5 နှင့် Year 6အတန်းများတွင် International Teacher များအပြည့်အဝဖြည့်စွက်သင်ကြားပေးနိုင်သော်လည်း Year 1, Year 2, Year 3 နှင့် Year 4 အတန်းများတွင် International Teacher နှစ်ယောက်မှ အတန်းသုံးခန်းကို တာဝန်ယူသင်ကြားပေးသွားပါ မည်။

အိမ်မှ သင်ကြားနေစဉ်ကာလအတွင်းတွင် International Teacher များမှ အလှည့်ကျ တူညီစွာသင်ကြားပို့ချသွားပါမည်။ ကျောင်းသို့ပြန်လည် တက်ရောက်သောအခါ International Teacher နှစ်ဦးမှ Year 3 နှင့် Year 4 ကျောင်းသားများအတွက် English, Maths, Science, Topic, IT နှင့် Reading ဘာသာရပ်များကို သင်ကြားပေးပါမည်။ ထို့ကြောင့် အခြားသော ဘာသာရပ်များကိုမူ International Teacher များမှ စီစဉ်ညွှန်ကြားပြီး သက်ဆိုင်ရ မြန်မာဆရာများမှ သင်ကြားမည် ဖြစ်ပါသည်။ Year 1 နှင့် Year 2 အတွက် International Teacher များမှ English, Maths, Knowledge and understanding of the World, IT နှင့် Reading တို့ကို သင်ကြားပေးပါမည်။ကျွန်တော်များမှ အတန်း များအားလုံးအတွက် International Teacher များကို ကန့်သတ်ချက်များ ဖြေလျှော့ပေးသည် နှင့် တစ်ပြိုင်နက် ပြန်လည်ရောက်ရှိလာနိုင်အောင်ကြိုးစားပေးသွားမည် ဖြစ်သဖြင့် ကျောင်းသားများ၏ တိုးတက်မှုကို မသက်ရောက်စေနိုင်ရန်အာမခံပါသည်။

Primary လေ့လာသင်ကြားရေးအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များက

Head of Primary, Teacher Jay jay.thompson@newtworkintlschool.com

Deputy Head of Primary, Teacher Sally sallymoulds@networkintlschool.com

## Secondary

Year 10 မှ Year 13 အထိအတန်းများကို ၂၄ ဩဂုတ်လမှစတင်၍ အစိုးရခွင့်ပြုမိန့်ရရှိပါက ပုံမှန်အတိုင်း အချိန်ပြည့်ပြန်လည်ဖွင့်လှစ်သွားရန် ဖြစ်ပြီး၊ Year 7 မှ Year 9 အထိကိုမူအင်တာနက်မှ အွန်လိုင်းသင်ကြားရေးဖြင့် တစ်ပတ်တိတိ (ခန့်မှန်း) သင်ကြားပေးသွားပါမည်။ ဤစနစ်တွင် ပုံမှန်စာသင်ချိန်အတိုင်း မိနစ် (၃၀) ဗီဒီယိုဖြင့် တိုက်ရိုက်ထည့်သွင်းခြင်းဖြင့်လည်းကောင်း၊ အင်တာနက်မပါပဲ လုပ်ဆောင်ရမည့် သင်ခန်းစာများ ဖြင့်လည်းကောင်း၊ သင်ကြားပေးသွားမည်ဖြစ်ပါသည်။

ဤ COVID 19 အခက်အခဲများကြားတွင် လက်ရှိ၌ Secondary ကျောင်းတွင် (Science and Maths) ဌာနမှ ဆရာ/ဆရာမ (၄)ဦးသည် မြန်မာပြည်မရောက်ရှိလာသေးသဖြင့်၊ ပုံမှန်သင်ခန်းစာများကို Time Table အတိုင်း online မှ သင်ကြားပို့ချပေးသွားပါမည်။ ထို့ကြောင့် ကျောင်းသား/ကျောင်းသူများ၏ သင်ကြားရေးကို မပျက်ကွက်စေနိုင်ပါ။

နိုင်ငံခြားရောက်နေသော Secondary ကျောင်းသား/သူ

ပြည်ပရောက် Year 7 မှ Year 9 အထိ ကျောင်းသား/သူများအတွက် သင်ခန်းစာများကို Google classroom မှ သင်ကြားပို့ချသွားပါမည်။ Zoom အသုံးပြု၍လည်း တစ်ပတ်တစ်ကြိမ် အချိန်ညှိနိုင်း သတ်မှတ်၍ သင်ကြားပေးပါမည်။ ထို့ကြောင့် ကျောင်းသား/သူများမှ Zoom အတန်းချိန်များကို တတ်နိုင်သမျှ တက်ရောက်ကြစေလိုပါသည်။

ထို့အတူ ပြည်ပရောက် Year 10 မှ Year 13 အထိ ကျောင်းသား/သူများကို လည်း Google classroom မှ သင်ကြားသွားပါမည်။ Zoom သင်ခန်းစာများကိုလည်း မြန်မာစံတော်ချိန်အတိုင်း သင်ကြားပေးသွားမည် ဖြစ်သောကြောင့် ထိုအချိန်ဇယားအတိုင်း မတက်ရောက်နိုင်ပါက မိမိတို့ဆရာများ ဖြင့် တစ်ပတ်တစ်ကြိမ် ညှိနိုင်း၍ သင်ကြားရမည်ဖြစ်ပါသည်။

Year 7 မှ Year 9 အထိ ကျောင်းသားများအနေဖြင့် ပထမရက်သတ္တပတ် ၂ ပတ်အတွက်ကိုမူတစ်နေ့လျှင် (၅) ဘာသာနန်းဖြင့် သင်ကြားပါမည်။ ဤသို့ (၅)ဘာသာ သင်ကြားခြင်းမှာဆရာ/ဆရာမ အသစ်များ လေ ယာဉ်ခရီးစဉ် လိုက်ပါခွင့် နှင့် ပြည်ဝင်ခွင့်ရရှိသည့် အထိသာ ဖြစ်ပါသည်။ ထို့ကြောင့် တစ်နေ့တာ ကျောင်းဆင်းချိန်သည်လည်း နေ့လည် ၂ နာရီတွင် ကြိုကြရမည် ဖြစ်ပြီး social distancing ဖြင့် လုပ်ဆောင်နိုင်ခြင်း ဖြစ်စေပါသည်။ ကျောင်းသား/သူများ မိသားစုမှ မောင်နမများ Year 10 မှ Year 13 တွင် ရှိနေပါက ကျောင်း၌ ညနေ ၃ နာရီအထိ စောင့်ဆိုင်းနိုင်ပြီး မိဘများမှ တစ်ကြိမ်သာ အတူတကွ ပေါင်းကြို နိုင်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၏ တိုးတက်မှုမှာ COVID 19 ကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေသဖြင့် ကနဦးအပတ်များတွင် အချို့လုပ်ငန်းများကို အပြီးသတ် လုပ်ဆောင်သွားပါမည်။ ဤအခြေအနေကို မိဘများအား ကြိုတင်တောင်းပန်ပြီး အခက်အခဲများရှိပါက နားလည် စာနာပေးပါရန် မေတ္တာ

ရပ်ခံလိုပါသည်။ အပြီးသတ်လုပ်ဆောင်ရန်ကျန်ရှိနေသော အလုပ်များမှာ Science Lab အား ဩဂုတ်လ (၃၁)ရက်နေ့တွင် တပ်ဆင်ရန်၊ Swimming pool နှင့် အားကစားခန်းမတို့အား အပြီးသတ်ရန် (သို့သော် အစိုးရ၏ ညွှန်ကြားချက်များအရ PE သင်ခန်းစာများကို ခေတ္တတားမြစ်ထားခြင်း) ကြောင့် ကျောင်းသား/သူများ၏ သင်ခန်းစာများကို မထိခိုက်စေပါ။

Secondary လေ့လာသင်ကြားရေးအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို

Head of Secondary, Teacher Stephen Stephen.holmes@networkintlschool.com

Deputy Head of Secondary, Teacher Suzanne Suzanne.doran@networkintlschool.com

<u>ကျောင်းလခ</u>

ပညာသင်နှစ်အသစ်အတွက် ကျွန်တော်တို့၏ ငွေပေးချေမှုစနစ်ကို ရန်ကုန်ရှိ အခြား International School များ နည်းတူ semester နှစ်ကြိမ်ပေးချေရန် ပြောင်းလဲခဲ့ပါသည်။ သို့သော်လည်း ယခု လတ်တလော ဖြစ်ပွား နေသော COVID 19 အခြေအနေကြောင့် Network International School ကျောင်း ရှိ မိဘများနှင့် ကမ္ဘာ တစ်ဝှမ်းရှိ လူများအတွက် အရာရာ ပြောင်းလဲခဲ့ကြပါသည်။

လာမည့်စာသင်ကာလ ဩဂုတ်လ ၂၀၂၀ မှ ဒီဇင်ဘာ ၂၀၂၀ အထိ ကို အတန်းများအားလုံးအတွက် ကျောင်းလခ ကို နှစ်ကြိမ် ခွဲ၍ပေးသွင်းနိုင်ရန် ဆုံးဖြတ်ပါသည်။ ထို့အပြင် Foundation 1 မှ 3 အထိ ကျောင်းသား/သူ များ၏ ကျောင်းပြန်တက်ရမည့် နေ့ရက်သည် Primary နှင့် Secondary တို့ထက် အနည်းငယ် နောက်ကျ ဖွယ်ရှိသော ကြောင့် Term 1 အတွက် ၁၀ ရာခိုင်နှုန်း လျှော့ပေး သွား မည်ဖြစ်ပါသည်။ ဇန်နဝါရီ ၂၀၂၁ မှ ဇွန် ၂၀၂၁ (Second semester) ငွေပေးချေမှုကို တစ်ကြိမ်တည်း ပေးချေရပါမည်။ အကြောင်းအမျိုးမျိုး ကြောင့် အခက်အခဲဖြစ်နေသော မိဘများအနေဖြင့် တီချယ် Carole နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ကျောင်းရုံးခန်း မန်နေဂျာ မင်းမင်း အား ဖုန်းဖြင့်သော်လည်းကောင်း၊ အီးမေးလ် min.min@networkintlschool.com ဖြင့် သော်လည်းကောင်း ကြိုတင် အကြောင်းကြားပြီး ရက်ချိန်းရယူနိုင်ပါသည်။

ကျောင်းစာသင်နှစ် အစပိုင်း ပထမအပတ်သည် အလွန်အလုပ်ရှုပ်နေမည် ဖြစ်သောကြောင့် ကျွန်တော်တို့၏ ကျောင်းငွေစာရင်းဌာနမှ ကျောင်းလခ ငွေတောင်းခံလွှာကို ၁၉ ဩဂုတ်လ (ဗုဒ္ဓဟူးနေ့) တွင် အီးမေးလ် ပို့ပေး မည်ဖြစ်ပြီး စက်တင်ဘာ ၄ ရက် ၂၀၂၀ (သောကြာနေ့) နောက်ဆုံးထားပြီး ပေးသွင်းရပါမည်။ မိဘများ အနေဖြင့် ဗဟန်းကျောင်းသို့ တနင်္လာနေ့မှ သောကြာနေ့ နံက် ၉ နာရီမှ နေ့လည် ၂ နာရီ အထိ လူကိုယ်တိုင် ကျောင်းလခ လာရောက်ပေးသွင်းနိုင်သလို၊ ဘဏ်မှတစ်ဆင့်လည်း ပေးသွင်းနိုင်ပါသည်။ ယခင် Term 4 တွင်ဆောင်ရွက်ခဲ့သလို COVID 19 ကာကွယ်ရေးအတွက် ကျောင်းဝင်းအတွင်းသို့ မဝင်ခင် အပူချိန်တိုင်း တာခြင်း နှင့် mask တပ်ဆင်ခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ မိဘများ၏မော်တော်ယာဉ်များ ကိုလည်း ကျောင်းအပြင်ဘက်ရှိ ကား ပတ်ကင်တွင် ရပ်ရမည်ဖြစ်ပြီး ကျောင်းပရဝဏ်ထဲသို့ main အပေါက် ကို အသုံးပြုပြီး social distancing အမှတ်အသားများ အတိုင်း ကျောင်းထဲသို့ လမ်းလျှောက်ဝင်ရောက် ရပါမည်။

နောက်ဆုံးအနေဖြင့် ဒီခက်ခဲတဲ့အချိန်တွေမှာ မိဘများအားလုံးကို ဆက်လက် ကူညီမှုများ အတွက် ကျေးဇူးအထူးတင်ပါသည်။ သင်ကြားခြင်းနှင့် သင်ယူခြင်းလုပ်ငန်းများ ပြန်လည် လည်ပတ်ရန် မျှော်လင့်သလို၊ စာ

သင်နှစ် အစကို မတူညီသော စတင်မှုများ ရှိနေခဲ့သော်လည်း Network International School ကြီး အောင် မြင်မှုရအောင် ကျွန်တော်တို့ အတူတကွ လုပ်ဆောင်နိုင်မှာ သေချာပါသည်။

မကြာမီ ပြန်လည်တွေ့ဆုံကြမယ်လို့ မျှော်လင့်လျက်

Carl Dent